
ဘာသာပြန် – စိုးသူ
ကောင်းကင်တာအိုရဲ့
မှော်ဆေးဧကရာဇ်
(လင်းဟန်)
(Chapter 1061 - 1080)
စာစဉ်–၅၄

# အပိုင်း(1061)
# မျှော်လင့်မထားတဲ့ လက်ရွေးစင်တွေ

ကျောက်လန်က သူ့မျက်ခုံးကို တွန့်လိုက်ပါတယ်။ ဒီနေရာက သုဿာန် တစပြင်လိုမျိုး ဖြစ်နေပြီး သူခန့်မှန်းထားတာနဲ့ တခြားစီပါပဲ။

ဒီနေရာမှာ ဘာတွေ ဖြစ်ကုန်တာလဲ။

သူက စစ်နည်းဗျူဟာနဲ့ ပတ်သက်ပြီး တော်တော်များများ သင်ယူခဲ့တယ် ဆိုပေမဲ့ ဒီလိုမျိုး ဗဟု သုတက သူ့ကို နည်းဗျူဟာပိုင်း ဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ အဆင့်တစ်ခု ရောက်အောင် မြှင့်တင်ပေးနိုင်ရုံပါပဲ။ အစစ်အမှန် တိုက်ပွဲ အတွေ့အကြုံနဲ့ ပတ်သက်လာရင်တော့ ကွင်းပြင်မှာ ထင်ထင်ရှားရှား တစ်ခုတည်း ရပ်တည်နေတဲ့ အဆောက်အအုံ တစ်ခုလိုမျိုး တစ်သီးတခြား ဖြစ်နေပါတယ်။ ဒါကြောင့် သူ့အရှေ့က ဒီလိုမျိုး တစ်ခါမှ မမြင်ဖူး မြင်ကွင်းကြောင့် ရုတ်တရက် လုံးဝကို မှ င်တက်အံ့ဩ သွားခဲ့ပါတယ်။

"သခင်လေးကျော်က အခြေအနေက ထူးဆန်းတယ်။ ကျွန်တော်တို့ လုံခြုံရေးကို ဂရုစိုက်ပြီး မူလအစီအစဉ်ကို စွန့်လွှတ်သင့်တယ်"

နောက်ထပ် ကျောင်းသား တစ်ယောက်က အကြံပြုလိုက်ပါတယ်။ သူတို့ လည်း ကျောက်လန်ကို ထောက်ပံ့အားပေးသူတွေ ဖြစ်ပါတယ်။

ကျောက်လန်က ဒီအကြံပြုချက်ကို တဒင်္ဂခန့် စဉ်းစားပြီးတဲ့ နောက်

မှာ သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

" မဟုတ်ဘူး ။ မူလအစီစဉ် အတိုင်းပဲ ဆက်သွားမယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ငါတို့ က ညဘက်မှာ လာပြီးတော့ တိုက်ခိုက်တာ ဖြစ်တယ်။ ပြီးတော့ အဓိက စစ်တပ်ကလည်း ချိန်သားကိုက် တစ်ပြ ုန်ထိုး တိုက်ခိုက် လိမ့်မယ်။ ငါတို့ အတွက် ပြန်ပြီးတော့ သတင်းပို့စရာ မလိုဘူး"

ဒါက စစ်တပ်တစ်ခုကို ပထမဆုံးအကြိမ် ဦးဆောင်ခြင်း ဖြစ်ပါတယ် ။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သူက လမ်းတစ်ဝက်မှာ လက်လျှော့နိုင်မှာလဲ။ နောက်ပြီး သူက လင်းဟန်ကို ပြင်းပြင်းထန်ထန် မုန်းတီး နေတာကြောင့်လည်း ဒီလိုမျိုး ရွှေရောင်တလက်လက် တောက်ပနေတဲ့ အခွင့်အရေးကို ဘယ်လိုလုပ် လွဲချော်ခွင့် ပြုနိုင်မှာ လဲ။

ရန်သူ့စခန်းကို ဝင်ရောက်စီးနင်းမဲ့ အဖွဲ့က ညအမှောင်ထု ကြီးစိုးလာတဲ့ အထိ စောင့်နေကြ ပါတယ်။ အမှောင်ထု ကြီးစိုးလာတာနဲ့ သူတို့ က တစ်ခါတည်း ဝင်ရောက်တိုက်ခိုက် ကြပါလိမ့်မယ်။

အချိန်တွေ တဖြည်းဖြည်း ကုန်ဆုံးလာခဲ့ပါတယ်။ လမင်းကြီးက မိုးကောင်းကင်ပေါ် မြင့်တက် လာပြီး သူတို့ အဖွဲ့က ရွှေခြသေ့်နိုင်ငံရဲ့ စစ်တပ် စခန်းချရာ နေရာကို ခိုးကြောင်ခိုးဝှက်နဲ့ ပုန်းလျှိုးကွယ်လျှိုး ချီတက်လာခဲ့ပါတယ်။

သူတို့ က လူနည်းစု ဖြစ်ပြီးတော့ သူတို့ မှာ နေလအဆင့် လက်ရွေးစင် တစ်ယောက်ပဲ ပါဝင်ပါတယ်။ ဒါကြောင့် သူတို့ က အများကြီး ထိခိုက်ပျက်စီးမှု ဖြစ်စေမယ်လို့ အိပ်မက်မမက် ခဲ့ပါဘူး။ သူတို့ ရဲ့ ရည်ရွယ်ချက်က ရိုးရှင်းပါတယ်။ ရွှေခြသေ့် စစ်တပ်ရဲ့ စခန်းချတဲ့ နေရာမှာ ဖရိုဖရဲ ဖြစ်သွားဖို့ ပါပဲ။ တစ်ချိန်တည်းမှာ အရှေ့ပိုင်း မိုးရေနိုင်ငံရဲ့ စစ်တပ်က မြစ်ကို အလွယ်တကူ ကူးဖြတ်လို့ ရလာပါလိမ့်မယ်။

သူတို့ က ပြင်းထန်တဲ့ မြစ်ကို ထိန်းချုပ်နိုင်တာနဲ့ သူတို့ က မြင်းကို ဦးချို တပ်လိုက်သလိုမျိုးပဲ တန်ပြန်တိုက်စစ်ကို စတင်ပါလိမ့်မယ်။ တကယ်လို့ ဒီသဘာဝ အတားအဆီး ကျန်နေဦးမယ် ဆိုရင် ဘယ်စစ်တပ်အတွက်မဆို ချိုးဖျက်လို့ မရနိုင်တဲ့ ခံစစ်တစ်ခု ဖြစ်ပါလိမ့်မယ်။

မိုးကောင်းကင်က မည်းမှောင်နေပြီး အလစ်တိုက်ခိုက်မဲ့ လူတစ်ထောင် အုပ်စုကလည်း ရွှေခြသေ့် နိုင်ငံရဲ့ စခန်းချတဲ့ နေရာကို တိတ်ဆိတ် ငြိမ်သက်နေတဲ့ တစ္ဆေသရဲတွေလို ချဉ်းကပ်လာ ခဲ့ပါတယ်။

ညဘက်ဆိုပေမဲ့ ရန်သူတွေ စခန်းချနေတဲ့ နေရာမှာ ဧရာမ မီးတုတ်တွေ စိုက်ထားတာကြောင့် လင်းထိန်လို့ နေပါသေးတယ်။

ဒါပေမဲ့လည်း သူတို့ ရဲ့ ရည်မှန်းချက်က ရန်သူရဲ့ စခန်းကို အလစ်အငိုက် ဝင်ရောက်စီးနင်း တိုက်ခိုက်ဖို့ ဖြစ်ပါတယ်။

"တိုက်"

ကျောက်လန်ရဲ့ အမိန့်သံ နောက်ကနေ အလစ်ငိုက် တိုက်ခိုက်မဲ့ အဖွဲ့က ချက်ချင်းပဲ ရန်သူ့ စခန်းပေါ်ကို ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေ ပစ်လွှတ်တိုက်ခိုက် လိုက်ကြပါတယ်။

သူတို့ အုပ်စုက လူပေါင်းတစ်ထောင်ပဲ ရှိတယ်ဆိုပေမဲ့ အဖွဲ့ဝင်တွေရဲ့ အနိမ့်ဆုံး ကျင့်ကြံခြင်း အဆင့်က တောင်မြစ်အဆင့် ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ က ရန်သူတွေဆီကို ရက်စက် ကြမ်းကြုတ်တဲ့ ကျားတွေလိုမျိုး တစ်ဟု န်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ကြပါတယ်။

သူတို့ က တစ်ဟု န်ထိုး ပြေးဝင်တိုက်ခိုက်ရင်းနဲ့ အရမ်းကို ကျယ်လောင်တဲ့ မာန်သွင်းသံတွေကိုပါ အော်ဟစ်ပြီး သူတို့ ရဲ့ ရန်သူတွေကို ကြောက်စိတ်မွှန်အောင် ထည့်သွင်းလိုက်ပါတယ်။ အဲဒီအချိန်မှာ မြစ်ရဲ့

တစ်ဖက်ကမ်းမှာ ရှိနေတဲ့ သူတို့ ရဲ့ မဟာမိတ်တွေ အတွက်လည်း တိုက်ခိုက်ဖို့ အချက်ပြလိုက်ပါတယ်။

တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ထောင်ရဲ့ တစ်ပေါင်း တစ်စည်းတည်း အော်ဟစ်လိုက်တဲ့ အသံက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိနေတဲ့ သူတွေကို သွေးအန်သွား စေတဲ့ အထိ အစွမ်းထက် မြက်လွန်းပါတယ်။ အဆင့်တစ်ဆယ် ဟာရီကိန်း မုန်တိုင်းတစ်ခု ထိမှန်သွားသလို မျိုး ရန်သူတွေ စခန်းချထားတဲ့ နေရာက ရွက်ဖျင်တဲတွေက မြေကြီးပေါ်ကို လဲပြိုကျကုန်ပါတယ်။

ရွှေခြသေ့် နိုင်ငံရဲ့ စစ်တပ်က ချက်ချင်းဆိုသလို ဝရုန်းသုန်းကား ဖြစ်ကုန်ပါတယ်။ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အသံလှိုင်းတွေရဲ့အောက်မှာ အမိန့်ပေးသူတွေရဲ့ အမိန့်သံတွေတောင် ဖုံးလွှမ်းခံလိုက် ရပါတယ်။ ရန်သူ့စစ်တပ်က ခေါင်းမရှိတဲ့ နဂါးတစ်ကောင်နဲ့ တူနေပါတယ်။

"ဟင့်"

အေးစက်စက် နှာခေါင်းရှုံ့သံတစ်ခု ထွက်ပေါ် လာပြီးတော့ ရွှေရောင်တလက်လက် တောက်ပနေတဲ့ ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားတဲ့ ဗိုလ်ချုပ်တစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူက အလံတိုင်ရဲ့ ထိပ်မှာ ရပ်နေပြီး သူ့ခန္ဓာကိုယ်က ကိုးမီတာ အမြင့်လောက် ရှိပါတယ်။ သူ့ခန္ဓာကိုယ် အစိတ်အပိုင်း တွေကနေ အံ့အားသင့်စရာ ကောင်းလောက်အောင် ချော်ရည်လို အနီရောင် ရဲရဲတွေ တလက်လက် တောက်ပလို့ နေပါတယ်။

"မဟာဗိုလ်ချုပ် ကြက်သွေးရောင် မီးတောက်"

ရွှေခြသေ့်နိုင်ငံရဲ့ စစ်သားတွေက ချက်ချင်းပဲ တည်ငြိမ်သွားပါတယ်။

လက်ရှိ ထွက်ပေါ်လာတဲ့ လူက အရာအားလုံးကို ဖြေရှင်းပေးနိုင် သလို မျိုး ဖြစ်နေပါတယ်။

သူက လှိုချင်း ဖြစ်ပြီးတော့ ရွှေခြသေ့်နိုင်ငံရဲ့ မဟာဗိုလ်ချုပ် တစ်ယောက် ဖြစ်ပါတယ်။ သူ့ဘွဲ့ထူးက ကြက်သွေးရောင် မီးတောက် ဖြစ်ပြီးတော့ သူဟာ ရွှေခြသေ့်နိုင်ငံရဲ့ စစ်တပ်အတွက် နတ်ဘုရား တစ်ပါး ဖြစ်ပါတယ်။ သူက စစ်တပ်တွေကို ဦးဆောင်ပြီး တိုက်ပွဲပေါင်း တစ်ရာ့ကိုးပွဲ ဆင်နွှဲခဲ့ကာ ခုနစ်ပွဲပဲ ရှုံးနိမ့်ခဲ့ပါတယ်။ သူ့ရဲ့ အမိန့်ပေး ဦးဆောင်မှု အရည်အချင်းက နတ်ဘုရား တစ်ပါးလိုပဲလို့ ပြောဆိုကြပါတယ်။

သူက စစ်တပ်ရဲ့ စိတ်ဝိညာဉ် ဖြစ်ပြီး သူရှိနေသရွေ့ စစ်တပ်က ထိုက်တောင်တန်းကြီးလို ခိုင်မာတောင့်တင်း နေပါလိမ့်မယ်။

"သူတို့ က ဘာမဟုတ်တဲ့ အမှိုက်ကလေးတွေပါ။ ဘာဖြစ်လို့ ကြောက်နေမှာ လဲ"

လှိုချင်းရဲ့ ကျယ်လောင်တဲ့ အသံက စခန်းတစ်ခုလုံးကို ဖုံးပေါက်သလို ကျယ်လောင်စွာနဲ့ ပျံ့နှံ့သွားပါတယ်။

"ဟုတ်တယ် ငပျော့ကောင်တွေ"

ရွှေခြသေ့် နိုင်ငံရဲ့ စစ်သားတွေ အားလုံးက သဘောတူညီစွာနဲ့ အော်ဟစ်လိုက် ကြပါတယ်။ သူတို့ ရဲ့ မျက်နှာပေါ်မှာ ထိတ်လန့်မှုတွေ နာကျင်မှုတွေ အရိပ်အယောင် နည်းနည်းမှ မရှိတော့ပါဘူး။

သူတို့ အားလုံးက သူတို့ ရဲ့ လက်နက်တွေကို မြှောက်ပြီးတော့ ကျယ်လောင်စွာနဲ့ အော်ဟစ်ပြီး အလစ်ငိုက်ဖမ်း တိုက်ခိုက်တဲ့ အုပ်စုဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ သူတို့ တွေက တောင်မြစ်အဆင့်မှာ ပဲ ရှိတယ်ဆိုပေမဲ့ သူတို့ ရဲ့ စိတ်ဓာတ် တက်ကြွမှုက အလစ်

ဖမ်း တိုက်ခိုက်တဲ့ အဖွဲ့ထက် မနိမ့်ကျခဲ့ပါဘူး။

ချက်ချင်းဆိုသလို နှစ်ဖက်အဖွဲ့က ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲလိုက်ပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ကျောင်းသားတွေက ကျင့်ကြံခြင်းအဆင့် ပိုမြင့်တာကြောင့် သူတို့ က ချက်ချင်းပဲ သူတို့ ရန်သူတွေ အပေါ်မှာ အသာစီးရယူကာ စိတ်တိုင်းကျ တိုက်ခိုက် လိုက်ပါတယ်။ ဒါပေမဲ့လည်း သူတို့ ရဲ့ အသာစီးရမှုတွေက တိုက်ပွဲထဲကို လက်ရွေးစင်တွေ ပိုဝင်လာတဲ့ အချိန်မှာ ပျောက်ကွယ်သွား ခဲ့ပါတယ်။

ရန်သူ့စစ်တပ်က ကြီးမားတဲ့ စစ်တပ်ကြီးတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ မှာ တောင်မြစ်အဆင့် စစ်သားတွေ ထောင်နဲ့ ချီပြီးတော့ ရှိနိုင်ပါတယ်။

လင်းဟန်က ခုခံရုံသာ ခုခံပြီး ထူးထူးခြားခြား ဘာမှ မလုပ်ပြခဲ့ပါဘူး။

ဒါက သူ့ရဲ့ တိုက်ပွဲ မဟုတ်သလို ရွှေခြသေ့်နိုင်ငံကို ဆန့်ကျင်တိုက်ခိုက် ရအောင်လည်း ရန်စ နည်းနည်းမှ မရှိပါဘူး။ သူက အရှေ့ပိုင်း မိုးရေနိုင်ငံနဲ့ တောင် ပတ်သက်မှု နည်းနည်းမှ မရှိခဲ့ပါဘူး။ ဒါကြောင့် သူက ဘာဖြစ်လို့ တခြားအပြစ်ကင်းစင်တဲ့ သူတွေကို သတ်ရမှာ လဲ။

သူက ထူးထူးခြားခြား ဘာမှ မလုပ်ခဲ့တာကြောင့် အစွမ်းထက်တဲ့ ရန်သူ့ လက်ရွေးစင်တွေက သူ့ကို ပစ်မှတ်မထားခဲ့ ကြပါဘူး။

လင်းဟန်က ဖိအားနည်းနည်းမှ မရှိပဲ တိုက်ခိုက်နေရင်းနဲ့ ဒီနေရာက ဘာဖြစ်လို့ သုသာန်တစပြင်လို သေခြင်းတရားတွေနဲ့ ပြည့်နှက်နေရလဲ ဆိုတာကို ဆက်လက်စူးစမ်း နေမိပါတယ်။ နိုင်ငံတစ်ခုက စစ်တပ်

တစ်ခုကို စေလွှတ်လိုက်ပြီ ဆိုတာနဲ့ သူတို့ ရဲ့ ရည်ရွယ်ချက်က အမြဲတမ်းလိုလို သိမ်းပိုက်ဖို့ ဖြစ်ပါတယ်။ သတ်ဖြတ်ဖို့ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဒီနေရာမှာ လူတွေသေဆုံးကုန်တဲ့ အပြင် အပင်တွေ တိရစ္ဆာန်တွေနဲ့ ပိုးမွှားတွေ အားလုံးတောင်မှ အမြစ်ပြုတ်ကုန်ပါတယ်။ ဒါကဘာတွေ ဖြစ်ကုန်တာလဲ။

ရုတ်တရက် ဆိုသလို အန္တရာယ် အငွေ့အသက် တစ်ခုကို ခံစားလိုက်ရပြီး လင်းဟန်ရဲ့ နှလုံးသား တင်းကျပ်လာပါတယ်။ သူက အလျင်အမြန်ပဲ ခုန်ပြီးတော့ သူ့ဘယ်ဘက်ကို ခုန်လိုက်ပါတယ်။

ဝုန်း။

သူစောစောတုန်းက ရပ်နေတဲ့ မြေပြင်က ချက်ချင်းပဲ ပေါက်ကွဲသွားပါတယ်။ ဖျက်ဆီးခြင်း စွမ်းအားလှိုင်း တစ်ခုက မိုးကောင်းကင်ထိ ထိုးတက်သွားပြီး သူ့ပြိုင်ဘက်ကို အစိတ်စိတ် အပိုင်းပိုင်း စုတ်ပြတ်သွားစေခဲ့ပါတယ်။

ဒီအားလှိုင်းက မြေကြီးကနေ ပန်းထွက်လာတာ ဖြစ်ပြီးတော့ တောင်မြစ်အဆင့် ကျင့်ကြံသူတစ်ယောက် တိုက်ခိုက်နိုင်တဲ့ အစွမ်း မဟုတ်ပါဘူး။ ဒီတိုက်ခိုက်မှုက မြေကြီးကနေ ဖြတ် လာပြီးတာတောင် မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်နေ ပါသေးတယ်။ ဒီတော့ တိုက်ခိုက်သူက နေလအဆင့်မှာ ရှိတယ်လို့ ဆိုလိုပါတယ်။

တကယ်လို့ တိုက်ခိုက်သူက ရန်သူ့လက်ရွေးစင် တစ်ယောက်ဆိုရင် ဘာဖြစ်လို့ သူတို့ က အလစ်ငိုက်ဖမ်းပြီး တိုက်ခိုက်စရာ လိုမှာ လဲ။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ဖက်စလုံးက ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေတာကြောင့် သူတို့ အနေနဲ့ ရိုးရိုးလေးပဲ သူ့ဆီကို တစ်ဟု န်ထိုး ပြေးဝင်ပြီး တိုက်ခိုက်နိုင်ပါတယ်။

ဒီလိုဆိုမှ တော့ ဖြစ်နိုင်ချေ တစ်ခုပဲ ကျန်ပါတော့တယ်။

တိုက်ခိုက်သူက ကျောက်လန် ဖြစ်ပါတယ်။

လင်းဟန်က ကျောက်လန်ဆီကို ကြည့်လိုက်တဲ့ အခါမှာ ကျောက်လန်က လက်ရှိမှာ လျှို့ချင်းနဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲလို့ နေပါတယ်။ ဒါပေမဲ့လည်း ကျောက်လန်က သူ့ကို မျက်စိဝေ့ကြည့် လိုက်တဲ့ အခါမှာ အကြည့်ချင်း ဆုံသွားပြီးတော့ သူ့မျက်လုံးတွေမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပြည့်နှက်လို့ နေပါတယ်။

တိုက်ခိုက်လိုက်တဲ့ သူက ကျောက်လန်ပဲဆိုတာ လုံးဝကို သံသယဝင်စရာ မလိုပါဘူး။

"ထူးဆန်းတယ်။ သူက လျှို့ချင်းနဲ့ သူမသာ ကိုယ်မသာ အခြေအနေ တစ်ခုရောက်အောင် တိုက်ခိုက် နိုင်သလား"

လျှို့ချင်းရဲ့ နောက်ကျောဘက်မှာ နေလနှစ်စင်းကို လင်းဟန်က ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ ဒီအမှတ်အသားက သူ့ကျင့်ကြံခြင်း အဆင့်ဟာ နေလအဆင့်ရဲ့ ပြင်းထန် အလယ်အလတ်ရဲ့ နောက်ပိုင်းအဆင့်မှာ ရှိတယ်လို့ ဆိုလိုပါတယ်။ အဲဒီအချိန်မှာ ကျောက်လန်က နေလအဆင့်ကို ချိုးဖျက် ဝင်ရောက်ကာစ ဖြစ်ပြီးတော့ သူ့နောက်ကျောမှာ ဆိုးဆိုးဝါးဝါးကို သေးငယ်တဲ့ နေတစ်စင်းကို တွေ့မြင်နိုင်ပါတယ်။

သူတို့ ရဲ့ ကျင့်ကြံခြင်းအဆင့် ကွာခြားမှုက အနည်းဆုံး ကြယ်ခုနစ်ပွင့် ရှိပါတယ်။ ဒါပေမဲ့လည်း ကျောက်လန်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ပဲ ဖြစ်ပြီးတော့ ဒီနေရာမှာ နိုင်ငံစွမ်းအားကို ဆွဲမသုံးနိုင်ပါဘူး။ သူနဲ့ သူ့ပြိုင်ဘက် အကြားက ကြယ်သုံးလုံး ကွာနေတဲ့ တိုက်ပွဲစွမ်းရည်က ဘယ်ကနေ ရောက်လာတာလဲ။ သူက ရုတ်တရက်ကြီး ကြယ်ခု

နစ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်သွားတာလား။

နေပါဦး။ မဟုတ်သေးဘူး။

ချက်ချင်းဆိုသလို ကျောက်လန်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဝတ်ဆင်ထားတဲ့ ချပ်ဝတ်ကနေ နတ်ဘုရား အလင်းတွေ တောက်ပနေတာကို လင်းဟန်က တွေ့မြင်လိုက်ပါတယ်။ ပုံစံကြည့်ရတာ ဒီချပ်ဝတ် အကျိုးအားကိုးနဲ့ ကျောက်လန်က တိုက်ခိုက်နေနိုင်တာ ဖြစ်ပါလိမ့်မယ်။

တန်ဖိုးကြီးတဲ့ ရတနာ။ ဒါက တကယ့်ကို တန်ဖိုးကြီးတဲ့ ရတနာပစ္စည်း တစ်ခုပဲ။

ချပ်ဝတ်တန်ဆာလေး တစ်ခုက ကျောက်လန်ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်သုံးလုံး တိုးပေးနိုင်စွမ်း ရှိနေပါတယ်။ ဒါက တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

ကျောက်လန်က သဲလွန်စ နည်းနည်းလေးမှ တောင် ချန်မထားပါဘူး။ ဒါကြောင့် သူက ဒီလိုမျိုး လျှို့ဝှက်တဲ့ နည်းလမ်းတွေနဲ့ လင်းဟန်ကို တိုက်ခိုက်တဲ့ နေရာမှာ အသုံးပြုနိုင်ခဲ့ပါတယ်။ ကံကောင်းတာက လင်းဟန်ရဲ့ တုံ့ပြန်မှုက အရမ်းကို လျင်မြန်လို့ ပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင် သူ့ရဲ့ မယုံနိုင်စရာ ကောင်းလောက်အောင် သန်မာတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ တောင် ပြင်းပြင်းထန်ထန် ဒဏ်ရာ ရသွားပါလိမ့်မယ်။

"ဟားဟားဟား ဒီတစ်ကြိမ်တော့ ဒီအမှိုက်စတွေကို ချေမှုန်းပစ်ရမဲ့ အချိန်ကို ရောက်ပြီပဲ"

ဟက်ဟက်ပက်ပက် ရယ်မောသံနဲ့ အတူ လက်ရွေးစင် ရာနဲ့ ချီပြီးတော့ တိုက်ပွဲထဲမှာ ပေါ်ထွက်လာခဲ့ပါတယ်။ သူတို့ အားလုံးရဲ့

အနောက်မှာ နေတွေလတွေ ရှိနေပါတယ်။

နေလအဆင့် လက်ရွေးစင် ရာပေါင်းများ စွာ။

တစ်ခု သတိပြုရမှာ က ရွှေခြသေ့် နိုင်ငံမှာ တောင် နေလအဆင့် လက်ရွေးစင်တွေ စုစုပေါင်း တစ်ရာ ကျော်ကျော်လောက်ပဲ ရှိပါတယ်။ အခု တော့ နေလအဆင့် လက်ရွေးစင် ရာပေါင်းများ စွာက ရုတ်တရက် ထွက်ပေါ်လာပါတယ်။ ဒါက ဘယ်လိုမျိုးလဲ။

လင်းဟန်ရဲ့ နှလုံးသားက တဒုတ်ဒုတ် ခုန်သွားပါတယ်။

ဒီလက်ရွေးစင်တွေက ထာဝရ မိုးကောင်းကင် အင်ပါယာက လက်ရွေးစင်တွေပဲ။

ဒီနေရာမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေ အားလုံးဟာ အစက တည်းက အရမ်းကို ထူးခြားလွန်း နေပါတယ်။ အခု ထာဝရ မိုးကောင်းကင် အင်ပါယာက လက်ရွေးစင်တွေ ထွက်ပေါ် လာပြီးတော့ ရွှေခြသေ့် နိုင်ငံဟာ ထာဝရ မိုးကောင်းကင် အင်ပါယာရဲ့ ကူညီပေးမှုကို တစ်ချိန်လုံး ရရှိနေပြီးမှ ကျူးကျော်လာ ခဲ့တယ်လို့ လင်းဟန်က ကောက်ချက်ဆွဲလိုက်ပါတယ်။

ဒါပေမဲ့လည်း ဒီနေရာက ဘာဖြစ်လို့ သုဿန်တစပြင်လို နေရာတစ်ခု အဖြစ်ကို ပြောင်းလဲသွား ရတာလဲ။

***

# အပိုင်း(1062)
# ကြောက်မက်ဖွယ်ရာကောင်းတဲ့ လူသတ်အရှိန်အဝါ

"ပြေး"

ဝင်ရောက်စီးနင်းတဲ့ အဖွဲ့ဝင်တွေ အားလုံးက အံ့အားသင့်မှုနဲ့ အတူ ကြက်သေသေကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ကုန်ပါတယ်။ ရွှေခြင်္သေ့နိုင်ငံရဲ့ စစ်တပ်ဘက်ကနေ နေလအဆင့် လက်ရွေးစင် ရာပေါင်းများ စွာ ထွက်ပေါ်လာလိမ့်မယ်လို့ ဘယ်သူက ထင်မိမှာ လဲ။

ဒီလိုမျိုး လွှမ်းမိုးနိုင်တဲ့ စွမ်းအားတစ်ခု အရှေ့မှာ သူတို့ က ဘာမှ မဟုတ်ပါဘူး။

"မင်းထွက်ပြေးလို့ ရမယ်လို့ ထင်နေတာလား"

နေလအဆင့် လက်ရွေးစင်တွေ တိုက်ခိုက်လိုက်တာနဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူတွေက ခုခံလို့ မရနိုင်ပါဘူး။ သူတို့ အားလုံး ချက်ချင်းပဲ ထိန်းချုပ်ခံလိုက် ရပါတယ်။ ကံကောင်းတာက နေလအဆင့် လက်ရွေးစင်တွေဟာ သူတို့ ကို သတ်ပစ်ဖို့ စိတ်မကူးထားခဲ့ပါဘူး။ သူတို့ ရဲ့ ကျင့်ကြံခြင်း အဆင့်တွေကို ပိတ်ဆို့ပြီးတော့ ဘေးဘက်ကို ပစ်ထုတ်လိုက်ပါတယ်။

ကျောက်လန် တစ်ယောက်ပဲ ရန်သူတွေ ထူထပ်စွာ ဝိုင်းရံထားတဲ့ ကြားနေ ထိုးဖောက်ထွက်ပြေး သွားခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်ပေါ်က ချပ်

ဝတ်တန်ဆာက သူ့ကို ပျံသန်းလို့ တောင် ရစေခဲ့ပြီး အစွမ်းထက်တဲ့ ခုခံမှုနဲ့ ပါ ပေါင်းလိုက်ရင် နေလအဆင့် လက်ရွေးစင် အရေအတွက် အများကြီးတောင်မှ သူ့ကို မဖမ်းဆီးနိုင်ခဲ့ပါဘူး။

အဲဒီအချိန် ဖရိုဖရဲ ဖြစ်နေတဲ့ တိုက်ပွဲထဲမှာ တခြားလူ တစ်ယောက်လည်း ပျောက်သွားတာကို ဘယ်သူမှ သတိမထားမိခဲ့ပါဘူး။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ပြေးဝင်ပုန်းလိုက်ခြင်း ဖြစ်ပါတယ်။

"သူတို့ ကို ဖမ်းထားလိုက်"

လက်ရွေးစင် တစ်ယောက်က အမိန့်ပေး လိုက်ပါတယ်။

"အရှင်မင်းကြီးရဲ့ အကြံအစည်တွေကို ဘယ်သူမှ နှောင့်ယှက်ခွင့် မပြုဘူး"

"နားလည်ပါပြီ"

တိုက်ပွဲကွင်းပြင်က ချက်ချင်းဆိုသလို သန့်ရှင်းသွားပါတယ်။ တစ်ချိန်တည်းမှာ ပဲ မြစ်ကို ဖြတ်ကူးလာတဲ့ အရှေ့ပိုင်း မိုးရေနိုင်ငံက စစ်တပ်ကို မရေမတွက်နိုင်တဲ့ ကျောက်တုံးတွေပစ်တဲ့ ပစ္စည်းနဲ့ ပစ်ခတ်လိုက်ပြီး ကသောင်းကနင်း ဖြစ်စေခဲ့ပါတယ်။ အနည်းဆုံး အရှေ့ပိုင်း မိုးရေနိုင်ငံ စစ်တပ်ရဲ့ လေးပုံတစ်ပုံခန့်ဟာ ပြင်းထန်တဲ့ မြစ်ရဲ့ ဝါးမျိုခြင်းကို ခံလိုက်ရပါတယ်။

ကျန်နေတဲ့ စစ်သားတွေ အားလုံးက အလျင်အမြန် ထွက်ပြေးပြီး အရှေ့ကို ဆက်မတိုးလာ ဝံ့တော့ပါဘူး။

သူတို့ ကို ဘယ်သူကများ ရွှေခြသေ့နိုင်ငံရဲ့ စစ်တပ်ကို အရင်ဆုံး လေ့လာစုံစမ်းခြင်း မရှိပဲ စုစည်းပြီး တိုက်ခိုက်ဖို့ ပြောလို့ လဲ။ ဒါကြောင့်

လည်း သူတို့ တွေက ဆိုးဝါးတဲ့ ရှုံးနိမ့်မှု တစ်ခုကို ခံစားရတာ သဘာဝကျပါတယ်။

ကံကောင်းတာက ထာဝရ မိုးကောင်းကင် အင်ပါယာက ကြယ်ဥက္ကာ အင်ပါယာနဲ့ မီးကုန်ယမ်းကုန် တိုက်ပွဲတစ်ခု စတင်ဖို့ စိတ်မကူးထားပါဘူး။ ဒါကြောင့် သူတို့ ရဲ့ အင်အားစုတွေကို ဘေးမှာ ပဲ ပုန်းကွယ်နေပြီး သင်တန်းကျောင်းက ကျောင်းသားတွေကို ဆိုးဆိုးဝါးဝါး မဖြစ်စေပဲ ဖမ်းရုံပဲ ဖမ်းဆီးထား ခဲ့ပါတယ်။

သူတို့ မှာ လျှို့ဝှက်အကြံအစည် တစ်ခု ရှိနေတယ်ဆိုတာ ပေါ်လွင်ပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ကနေ တိတ်ဆိတ် ငြိမ်သက်စွာနဲ့ စောင့်ကြည့် နေပါတယ်။ စောစောတုန်းက လက်ရွေးစင် တစ်ယောက်ရဲ့ ပါးစပ်ကနေ အရှင်မင်းကြီးရဲ့ အကြံအစည်တွေကို ဘယ်သူမှ နှောင့်ယှက်ခွင့် မပြုဘူးလို့ လွှတ်ခနဲ ထွက်သွားခဲ့ပါတယ်။ ဟုတ်ပါတယ် ။ တစ်ယောက်ယောက်က သူတို့ အနားမှာ ပုန်းကွယ်ပြီးတော့ နားထောင်နေ လိမ့်မယ်လို့ သူက ဘယ်လိုလုပ် သိမှာ လဲ။ ဒါကြောင့် သူ့ စကားတွေက လွှတ်ခနဲ ပြောမိတယ်လို့ မှတ်ယူလို့ မရနိုင်ပါဘူး။

ဒီစကားရဲ့ အချက်အလက်တွေက အရမ်းကို များ ပြားလွန်းပါတယ်။

ဒီလောက်ဆို လုံလောက်ပါပြီ။ ဒါတွေအားလုံးရဲ့ နောက်ကွယ်မှာ ထာဝရ မိုးကောင်းကင် အင်ပါယာ ရှိနေပါတယ်။ ဒါကြောင့် သူတို့ က ရွှေခြသေ့် နိုင်ငံကို လှုပ်ရှားဖို့ တိုက်ရိုက် အမိန့်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

လင်းဟန်က အရမ်းကို သိချင်စိတ်တွေ ပြင်းပြလာပါတယ်။ ထာဝရ မိုးကောင်းကင် အင်ပါယာက ဒီမြေပေါ်ကနေ ဘာများ အလိုရှိနေတာလဲ ။

သိပ်မကြာခင်မှာ ပဲ ပတ်ဝန်းကျင်က လုံးဝကို တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပါတယ်။

ထာဝရ မိုးကောင်းကင် အင်ပါယာက ကုန်းမြေ တော်တော်များများကို သိမ်းပိုက်ထားပြီး စစ်တပ်ကြီး တစ်ခုကို အသုံးချကာ ပြင်းထန်တဲ့ မြစ်ကို ပိတ်ဆို့ထားပါတယ်။ ဒီနေရာမှာ သူတို့ တွေ လျှို့ဝှက်တဲ့ တစ်စုံတစ်ရာကို လုပ်နေတယ်ဆိုတာ ထင်ရှားပါတယ်။ လင်းဟန်က ဒီရန်သူ့ အခြေစိုက် စခန်းထဲမှာ သတင်း အချက်အလက်တွေ ပိုပြီးတော့ စုဆောင်းနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါက အပြင်ဘက်စည်း တစ်ခုသာ သာပါပဲ။

သူက အရှေ့ပိုင်း မိုးရေနိုင်ငံထဲကို ပိုပြီးတော့ နက်နက်ရှိုင်းရှိုင်း စွန့်စား ဝင်ရောက် လာလေ ပိုပြီးတော့ တုန်လှုပ်ချောက်ချား လာရပါတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ပတ်ဝန်းကျင်တွေက သုသာန်တစပြင်လို တိတ်ဆိတ် ငြိမ်သက်နေပြီး သက်ရှိတွေအားလုံး အမြစ်ဖြုတ် သုတ်သင်ခံရတဲ့ သဲလွန်စတွေနဲ့ တွေ့ရပါတယ်။

လင်းဟန်က သူ့ရဲ့ တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ဆင့်ခေါ်ပြီးတော့ သေသေချာချာ ဂရုတစိုက်နဲ့ ရှာဖွေမှုကို စတင်လိုက်ပါတယ်။

တိမ်ထိုးဖောက်ခြင်း လွန်းပျံက မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်ပြီး လင်းဟန်ရဲ့ မျက်လုံးတွေကလည်း အရမ်းကို စူးရှထက်မြက်ပါတယ်။ ဒါကြောင့် သူ့ရဲ့ ရှာဖွေမှုကလည်း အရမ်းကို လျင်မြန်ပါတယ်။ သူက အချိန်တိုတိုလေး အတွင်းမှာ အရမ်းကို ကြီးမားတဲ့ ကုန်းမြေတစ်ခုကို ရှာဖွေလို့ ပြီးသွားခဲ့ပါတယ်။

သူ့အရှေ့က ကုန်းမြေက ရတ်တရက်ဆိုသလို ကောင်းကင်ဘုံ မီးတောက် တစ်ခုကြောင့် လောင်ကျွမ်းနေသလိုမျိုး နီရဲလို့ လာခဲ့ပါတယ်။

ဝုန်း။

တိမ်ထိုးဖောက်ခြင်း လွန်းပျံက ရုတ်တရက် တိုက်ခိုက်ခံလိုက်ရ သလိုမျိုး တုန်ခါလာခဲ့ပါတယ်။

လင်းဟန်က အလျင်အမြန်ပဲ ကုန်းပေါ်ကို ဆင်းသက်ပြီး လွန်းပျံကို ပြန်သိမ်းလိုက်ပါတယ်။ အဲဒီနောက် သူက နတ်ဘုရားအာရုံနဲ့ သူ့ပတ်ဝန်းကျင်ကို ဂရုတစိုက် လေ့လာစူးစမ်း လိုက်ပါတယ်။

ဒီနေရာတဲ့ အရာတွေက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ သတ်ဖြတ်မှု အရှိန်အဝါ တစ်ခုကနေ အရောင်ပြန်ဟပ်နေတာ ဖြစ်ပါတယ်။

ထာဝရ မိုးကောင်းကင် အင်ပါယာရဲ့ ဧကရာဇ်က ဒီနေရာမှာ ဘာကို ရှာဖွေဖို့ ကြိုးစားနေတာလဲ။

လင်းဟန်က သူ့ဘာသူ တွေးလိုက်ပါတယ်။

ပြီးတော့ သူတို့ က ဒီနေရာမှာ ဘာလုပ်နေတာလဲ။ သူတို့ က မြေဩဇာ ကောင်းမွန်တဲ့ မြေလွှာကိုတောင် ကြီးမားကျယ်ပြန့်တဲ့ အနီရောင်ကုန်းမြေအဖြစ်ကို ပြောင်းလဲလိုက်တယ်။

သူက အရှေ့ကို ဖြည်းညင်းစွာ တိုး လာပြီး သူ့ရဲ့ ကာကွယ်မှုကိုတော့ လျော့မထားဝံ့ပါဘူး။

သူ့နှလုံးသားက အန္တရာယ် အငွေ့အသက် တစ်ခုကို ခံစားလိုက်ရပြီး တင်းကျပ်လာပါတယ်။ သူ့အရှေ့ မြေကြီးကနေ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ လူသတ်အရှိန်အဝါ တစ်ခု ထွက်ပေါ် လာပြီး အံ့အားသင့်စရာ ကောင်းလောက်တဲ့ လူသားပုံစံ တစ်ခုအဖြစ်ကို ပေါင်းစည်း သွားခဲ့ပါတယ်။

ဘုန်း။

လူသားပုံစံ ပုံရိပ်က ချက်ချင်းပဲ လင်းဟန်ဆီကို တိုက်ခိုက်မှု တစ်ခု ထုတ်လွှတ် လိုက်ပါတယ်။ သူ့လက်က အကန့်အသတ်မရှိ ရှည်ထွက်လာပြီး လက်သီးအဖြစ်ကို ပြောင်းလဲကာ လင်းဟန်ရဲ့ မျက်နှာကို ထိုးထည့်လိုက်ပါတယ်။

ဒီကမ္ဘာကြီးပေါ်မှာ ဘာတွေဖြစ်နေလဲ။

လင်းဟန်က သူ့ဓားနဲ့ ခုတ်လိုက်ပါတယ်။ သူက နောက်မှ တိုက်ခိုက်ပေမဲ့ လျှင်မြန်မှု နည်းစနစ်က သူ့ကို လက်သီး တိုက်ခိုက်မှု မျက်နှာဆီ မရောက်ခင် သူ့ဓားချက်က အရင်ရောက်လာ စေခဲ့ပါတယ်။

ရွှပ် ရွှပ် ရွှပ်။

သူက မျက်စိတစ်မှိတ် အတွင်းမှာ တိုက်ခိုက်မှု ခုနစ်ခုကို ထုတ်ဖော်ခဲ့ပြီး လူသားပုံစံ အရိပ်ကို ရှစ်ပိုင်းပြတ်အောင် လှီးဖြတ်လိုက်ပါတယ်။

လူသားပုံစံ ပုံရိပ်က မြူခိုးတွေအဖြစ်ကို ပြောင်းသွားပြီး ပြိုကွဲသွားပါတယ်။ ဒါပေမဲ့ ချက်ချင်းပဲ နောက်တစ်ကြိမ် စတင်သိပ်သည်း လာခဲ့ပါတယ်။ လင်းဟန်ရဲ့ ဓားချက်တွေက သူ့ကို နည်းနည်းလေးမှ ထိခိုက်မှု မရှိစေသလိုပါပဲ။

"စိတ်ဝင်စားစရာပဲ"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။ သူက လက်တစ်ဖက်ကို ဝှေ့ယမ်းပြီး သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို ဆင့်ခေါ်လိုက်ပါတယ်။

"ကြီးမြတ်သော ဆရာသခင် ခင်ဗျား သတ်ဖြတ်သူလေးရဲ့ လက်သည်းတွေက သွေးဆာနေပါပြီ။ ကျေးဇူးပြုပြီးတော့ အမိန့်သာ ပေးလိုက်ပါ။ ဆရာသခင်က ဒီနေ့မှာ သတ်ဖြတ်သူလေးကို ဘယ်သူ့ရဲ့

တင်ပါးကို ကိုက်စေချင်လဲ"

လင်းဟန်ရဲ့ အရှေ့မှာ ချက်ချင်းဆိုသလို မျက်နှာလို မျက်နှာရလုပ်နေတဲ့ ဝံပုလွေတစ်ကောင် ပေါ်လာခဲ့ပါတယ်။

သောက်ကျိုးနည်း။ အခုမှ လအနည်းငယ်ပဲ ရှိသေးတယ်။ ဆရာသခင်က ပြင်းထန် အလယ်အလတ်ရဲ့ အထွတ်အထိပ်ကို ချိုးဖျက်ဝင်ရောက်သွားပြီ။ သူက ကောင်းကင်ဘုံကို ဆန့်ကျင်ဖို့ ကြိုးစားနေတာလား။

ဟူး။

လူသားပုံစံ အရှိန်အဝါက တစ်ဟု န်ထိုး ပြေးဝင် လာပြီး လင်းဟန်ကို နောက်တစ်ကြိမ် သူ့လက်သီးနဲ့ ဖော့ယမ်းတိုက်ခိုက် လိုက်ပါတယ်။

"အူးဝူး"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က အူလိုက်ပြီး ရန်သူဆီကို ခုန်ဝင်တိုက်ခိုက် လိုက်ပါတယ်။

သူ့ရဲ့ တိုက်ပွဲ စွမ်းရည်က ပြီးပြည့်စုံခြင်းရဲ့ နောက်ပိုင်းအဆင့်မှာ ရှိပါတယ်။ ဒါကြောင့် သူက အလွယ်တကူပဲ လူသားပုံစံ အရှိန်အဝါကို ထိန်းချုပ်နိုင်ပါတယ်။ သူ့ပုံစံက ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်ပြီးတော့ ကြောက်မက်ဖွယ်ရာ လူသတ်အရှိန်အဝါကို ကုတ်ခြစ်ပြီး ကိုက်လိုက် ပါတယ်။

မင်းကအရမ်းကို အားနည်းတာပဲ။ ငါ့ ဆရာသခင်ကိုတောင် တိုက်ခိုက်ရဲသေးတယ်။ ဘယ်လောက် တုံးအလိုက်သလဲ။

"ဟင်"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က အံ့အားသင့်စွာနဲ့ သူ့ခေါင်းကို ဆ

တ်ခနဲ မြောက်လိုက်ပါတယ်။ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ လူသတ် အရှိန်အဝါက နောက်ထပ်တစ်ကြိမ် လူသားပုံစံ အဖြစ်ကို ပြန်လည် ပြောင်းလဲ သွားခဲ့ပါတယ်။

ဒါက မသေနိုင်တဲ့ ပိုးဟပ် တစ်ကောင်ပဲလား။

"အဲဒါက မင်းနဲ့ အတော်လေး တူတယ်"

လင်းဟန်က ပြောလိုက်တယ်။

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က အံ့အားသင့် သွားခဲ့ပါတယ်။ သူက မူလဖရိုဖရဲရဲ့ နတ်ဆိုးချီက မွေးဖွားလာတဲ့ သက်ရှိတစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ထူးထူးခြားခြား သိပ်မရှိပေမဲ့ မြေအောက် ကမ္ဘာထဲမှာ တော့ အရမ်းကို ထူးခြားတဲ့ တည်ရှိမှု တစ်ခု ဖြစ်နေဆဲပါပဲ။ သက်ရှိ အမျိုးအစားတွေ လူသေတွေနဲ့ ယန္တရားရုပ်တွေရဲ့ ခန္ဓာကိုယ်ထဲကို အိမ်ရှင် တစ်ယောက်လို ဝင်နိုင်တဲ့ နောက်ထပ် မျိုးစိတ်တွေကို ရှာဖွေဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒီလိုမျိုး ထူးခြားတဲ့ စွမ်းရည်ကြောင့် သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို တန်ခိုးရှင်ဘုံကို စေလွှတ်ပြီး အောက်ဘုံရဲ့ တည်နေရာကို ရှာဖွေစေခဲ့ခြင်း ဖြစ်ပါတယ်။

"ဆရာသခင် ဒါကိုကြည့်ရတာ သက်ရှိ တစ်ယောက်နဲ့ မတူဘူး"

သူက သုံးသပ်လိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"ဒီနေရာရဲ့ လူသတ်ငွေ့ အရှိန်အဝါက အရမ်းကို သန်မာတယ်။ ဒီကုန်းမြေ တစ်ခုမှာ အတက်အကျ ရှိတယ်။ လူသားပုံစံ ပုံရိပ်တွေက လူသတ်ငွေ့ အရှိန်အဝါ သိပ်သည်းတဲ့ နေရာမျိုးမှာ ဖြစ်ပေါ်လာနိုင်

တယ်။ ဒီလူသားပုံစံ ပုံရိပ်တွေမှာ တိုက်ခိုက်ဖို့ ပြင်းထန်တဲ့ ပင်ကိုဗီဇ တစ်ခု ပိုင်ဆိုင်ထားတယ်"

သတ်ဖြတ်သူ နတ်ဆိုး ဇေကရာဇ်က မှ င်တက်သွားပြီး ပြောလိုက်တယ်။

"ဒီဘက်ခေတ် လက်ရွေးစင်တွေက အရမ်းကို ကြောက်စရာကောင်းတယ်။ ဒါက သူ့ရဲ့ စိတ်စွမ်းအား နည်းနည်းလေး တစ်ခု ယိုစိမ့်ထွက်လာတာပဲ ရှိသေးတယ်"

လင်းဟန်က လူသားပုံစံ ပုံရိပ်ကို ဆက်ပြီးတော့ ဖိနှိပ်ထိန်းချုပ်ရင်း သူ့မေးစေ့ကို ပွတ်ကာ ပြောလိုက်တယ်။

"ဒါ ဆိုရင်တော့ ထာဝရ မိုးကောင်းကင် အင်ပါယာက ဒီမြေပေါ်မှာ ဘာလုပ်ဖို့ ကြိုးစားနေလဲ ဆိုတာကို ငါ ဖော်ထုတ်ချင် လာပြီ"

"ဆရာသခင် ဒါက အန္တရာယ်များ တယ်။ ကျွန်တော်တို့ ဒီထက်ပိုပြီးတော့ နက်ရှိုင်းတဲ့ နေရာကို စွန့်စားမသွားတာ အကောင်းဆုံးပဲ"

သတ်ဖြတ်သူ နတ်ဆိုး ဇေကရာဇ်က အရမ်းကို သရဲဘော ကြောင်လွန်းပါတယ်။

"မစိုးရိမ်ပါနဲ့ ။ တကယ်လို့ အန္တရာယ်တွေ ရှိရင်တောင် မင်းက ငါ့အရှေ့ကနေ ငါ့ရဲ့ ဒိုင်းကာအဖြစ် လျှောက်သွားနိုင်တာပဲ"

လင်းဟန်က သာမန်ကာလျှံကာပဲ ပြန်ဖြေလိုက်ပါတယ်။

"အာ"

သတ်ဖြတ်သူ နတ်ဆိုး ဇေကရာဇ်ရဲ့ ဝံပုလွေပါးစပ်က ချက်ချင်းဆိုသလို ပါးစပ် အဟောင်းသား ဖြစ်သွားပါတယ်။ သူ့အမူအရာက ဆရာ

သခင် ကျွန်တော့်ကို ဒီလိုမျိုး မနှောက်ပါနဲ့ လို့ ပြောနေသလိုပါပဲ။

လင်းဟန်က နည်းလမ်းမျိုးစုံ ကြိုးစားခဲ့ပေမဲ့ ဒီလူသားပုံစံ အရှိန်အဝါကို သတ်ပစ်ဖို့ ဆိုတာတော့ မဖြစ်နိုင်ပဲ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင် လုပ်ဖို့ ကတော့ အရမ်းကို လွယ်ကူပါတယ်။ ဒါကို အပိုင်းစ တစ်ထောင်လောက်ထိ စုတ်ဖြဲပစ်လို့ ရနိုင်ပေမဲ့ အလျှင်အမြန်ပဲ နောက်တစ်ကြိမ် မူလပုံစံ ပြန်ဖြစ်လာပါတယ်။ သူ့ပုံစံလုံးဝကို မသေနိုင်တဲ့ သားရဲတစ်ကောင်နဲ့ တူပါတယ်။

"ဒါဆိုရင် ဒီလိုစမ်းကြည့်တာပေါ့"

လင်းဟန်က သူ့ရဲ့ နတ်ဘုရား မီးတောက် သင်္ကေတတွေကို ထုတ်ဖော်ပြီး ကြောက်မက်ဖွယ်ရာ လူသတ်အရှိန်အဝါကို တိုက်ခိုက် လိုက်ပါတယ်။

ဝုန်း။

မီးတောက်တွေ ပန်းထွက်လာတဲ့ အချိန်မှာ ညည်းတွားသံ တစ်ခုကို ကြားလိုက်ရသလိုမျိုး လင်းဟန်က ခံစားလိုက်ရပါတယ်။ ဒီညည်းတွားသံက သူ့ရဲ့ နတ်ဘုရားအာရုံကို တုန်ခါစေပြီး သက်တောင့်သက်သာ မဖြစ်သလို ခံစားစေရပါတယ်။ ဒါပေမဲ့လည်း နတ်ဘုရား မီးတောက် သင်္ကေတတွေရဲ့ အာနိသင် သက်ရောက်မှုက အရမ်းကို သိသာထင်ရှားပါတယ်။ လူသားပုံစံ အရှိန်အဝါကို အလျှင်အမြန်ပဲ ပြာဖြစ်သွားအောင် မီးရှို့ ပြာချပစ်လိုက်ပါတယ်။

လင်းဟန်က သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို လှည့်ကြည့်လိုက်တဲ့ အခါမှာ သူ့ထက်တောင် ပိုပြီးတော့ ဆိုးဆိုးဝါးဝါး အခြေအနေ တစ်ခု ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က ယန္တရား ဝံပုလွေကနေ ထွက်သွားပြီး သူ့ရဲ့ မြူခိုးပုံစံ ခန္ဓာကိုယ်က

အဆက်မပြတ် တုန်ခါလို့ နေပါတယ်။

လူသတ် အရှိန်အဝါက နတ်ဘုရားအာရုံ တိုက်ခိုက်မှု တစ်ခု ဖြစ်ပါတယ်။ လင်းဟန်ရဲ့ နတ်ဘုရား အာရုံက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ကြောင့် အရမ်းကို သန်စွမ်းလို့ နေပါတယ်။ ဒါကြောင့် သူက နည်းနည်းလောက် နေရထိုင်ရ ခက်သလို ခံစားရတာပဲ ရှိပါတယ်။ အဲဒီအချိန်မှာ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က ပြင်းထန် အလယ်အလတ် အဆင့်မှာ ရှိတာကြောင့် သူ့ခန္ဓာကိုယ်က ယန္တရား ဝံပုလွေရုပ်ရဲ့ ခန္ဓာကိုယ်ကနေ ထွက်သွားတာ ဖြစ်ပါတယ်။

စိတ်ဝင်စားစရာပဲ။

***